Message Eleven

## ခမည်းတော်၏အိမ်တော်၌ -
## ခရစ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့်
## ကျွန်ုပ်တို့အတွက် ပြင်ဆင်ပေးခဲ့သော နေရာ၌ အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊၁၄း၁-၃၊ ၆၊ ၁၀-၁၁၊ ၂၀၊ ၂၃။ ၁း၄၊ ၁၄၊ ၁၆။ ၁၁း၂၅

**I. ယောဟန် ၁၄ ၏ အလယ်ဗဟိုစဉ်းစားချက်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်အထဲသို့ ယုံကြည်၍၊ ထိုမှ ဘုရားသခင်အထဲသို့ ဝင်ရောက်ရမည်ဖြစ်သည် - အငယ်၊၁။**

A. ဘုရားသခင်၌ ယုံကြည်ခြင်းမှာ အပြင်ပိုင်းဆိုင်ရာဖြစ်သည်၊ သို့သော် ဘုရားသခင်အထဲသို့ ယုံကြည်ခြင်းမှာ အတွင်းကျကျဖြစ်သည်။ ၎င်းသည် ဘုရားသခင်အထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်သော အတွင်းကျကျ ယုံကြည်ခြင်းဖြစ်သည်။

B. သခင်ဘုရားအထဲသို့ ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ရန်၊ ကိုယ်တော်ကို ယူဆောင်စားသုံးရန်၊ ကျွန်ုပ်တို့အဖို့ ကိုယ်တော် ပြီးမြောက်စေခဲ့သောအရာအားလုံးတွင် ပါဝင်ပတ်သက်ဆက်နွှယ်ရန် ကိုယ်တော်အထဲသို့ ကျွန်ုပ်တို့ဝင်ရောက်ရခြင်းဖြစ်သည် - ၃း၁၅။

C. ခရစ်တော်အထဲသို့ ယုံကြည်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ အသက်ဆိုင်ရာ ပေါင်းစည်းခြင်းရှိကြပြီး၊ ကိုယ်တော်အထဲသို့ ကျွန်ုပ်တို့ဖြစ်ခြင်းကို နှစ်မြှုပ်ခြင်း ရှိကြသည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် အသက်ဆိုင်ရာ တစ်ဦးတည်းဖြစ်လာမည်ဖြစ်သည် - ၁၅း၄-၅။

**II. ခမည်းတော်၏အိမ်တော်သည် သုံးပါးတစ်ပါးဘုရားက - လူ့ဇာတိခံခြင်း၊ ကားတိုင်ပေါ်အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် - မိမိကိုယ်တော်တိုင်ကို ယုံကြည်သူများအထဲသို့ သူတို့နှင့် အပြည့်အဝ ရောနှောပေါင်းစည်းခြင်းအလို့ငှာ လုပ်ဆောင်သည့် အကြောင်းအရာဖြစ်ပြီး၊ ထိုသို့ဖြင့် ကိုယ်တော်သည် သူတို့ကို ကိုယ်တော်၏ကိန်းဝပ်ရာနှင့် ထင်ရှားခြင်းအတွက် ရှင်သန်သောထုံးဖွဲ့မှုအဖြစ် တည်ဆောက်နိုင်မည်ဖြစ်သည် - ၁၄း၂-၃၊ ၂၃။**

A. ၂း၁၆ ရှိ *ငါ့အဖ၏အိမ်တော်* ဟူသည်မှာ မြေကြီးပေါ် ဘုရားသခင်၏ကိန်းဝပ်ရာနေရာ၊ ဗိမာန်တော်ကို ရည်ညွှန်းသည်။ ဗိမာန်တော်သည် ယေရှု၏ ကိုယ်ခန္ဓာကို ပုံဆောင်ခြင်း သို့မဟုတ် သရုပ်ဖော်ပြခြင်းဖြစ်ကာ၊ ယင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ရန် ရှင်ပြန်ထမြောက်ခြင်း၌ ကြီးမားကျယ်ပြန့်လာခဲ့ပြီ ဖြစ်သည် - အငယ်၊၁၉-၂၂။

B. ၁၄း၂ ရှိ *ငါ့အဖ၏အိမ်တော်* မှာ ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်းဟူသော ဘုရားသခင်၏အိမ်တော်အဖြစ် အသင်းတော်ဖြစ်သည် - ဧ၊၁း၂၂-၂၃။ ၂း၂၁-၂၂။ ၁တိ၊၃း၁၅။

C. ခမည်းတော်၏အိမ်တော်မှာ အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် ဘုရားသခင်က ကိုယ်တော်၏ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံ၊ ပုံသဏ္ဌာန်ပြောင်းလဲသော ရွေးချယ်ခံများနှင့်အတူ စေ့စပ်ထုံးဖွဲ့သည့် ဘုရားဆိုင်ရာနှင့် လူသားဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်းပင် ဖြစ်သည် - ယော၊၁၄း၂၀။

D. ခမည်းတော်၏ အိမ်တော်၌ နေစရာအခန်းများစွာ ရှိသည် - အငယ်၊၂။

1. နေစရာအခန်းများစွာမှာ ဘုရားသခင်၏ဗိမာန်တော်ဖြစ်သည့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ များစွာသော အင်္ဂါဝင်များဖြစ်သည် - ရော၊၁၂း၅။ ၁ကော၊၃း၁၆-၁၇။
2. ခရစ်တော်၌ ယုံကြည်သူများအားလုံးသည် ဘုရားသခင့်တည်ဆောက်ခြင်း၊ ခမည်းတော်၏အိမ်တော်၌ နေစရာအခန်းများဖြစ်ကြသည်။ ဤတည်ဆောက်ခြင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည် - ဧ၊၁း၂၂-၂၃။ ၂း၂၁-၂၂။ ၅း၃၀။ ၁ကော၊၁၂း၂၇။

E. *ငါသည် သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်မည်* ဟူသည်မှာ သခင်ဘုရားသည် ကျွန်ုပ်တို့အား ဘုရားသခင်အထဲသို့ ဝင်ရောက်စေခြင်းအတွက် နေရာကို ပြင်ဆင်မည်၊ ရွေးနုတ်ခြင်းကို ပြီးမြောက်စေမည်၊ လမ်းကို ဖွင့်ပေးမည်၊ ရပ်တည်မှုရှိစေမည်ဟု ဆိုလိုခြင်းဖြစ်သည် - ယော၊၁၄း၂-၃၊ ၆။

1. အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် သခင်ယေရှုသည် လမ်းကို ခုတ်ထွင်ရှင်းလင်းခဲ့ပြီး၊ နေရာကို ပြင်ဆင်ခဲ့သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်အထဲသို့ ခေါ်ဆောင်ခံရနိုင်မည်ဖြစ်သည် - အငယ်၊၂၀။
2. ကိုယ်တော်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကိုယ်တော်သည် ဘုရားသခင်ရှေ့တော်၌၊ ဘုရားသခင်၌ ကျွန်ုပ်တို့အဖို့ ရပ်တည်မှုကို ပြင်ဆင်ပေးခဲ့သည်။ ဤနည်းလမ်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့အဖို့ ဘုရားသခင်၌ နေရာကို ပြင်ဆင်ပေးခြင်းဖြစ်သည် - အငယ်၊၂-၃၊ ၆။
3. ဘုရားသခင်၌ ရပ်တည်မှုသည် ကြီးမားကျယ်ပြန့်လာကာ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ ရပ်တည်ခြင်း ဖြစ်လာသည် - ရော၊၁၂း၄-၅။ ဧ၊၅း၃၀။ ၁ကော၊၁၂း၂၇။
   a. ဘုရားသခင်၌ ရပ်တည်မှု၊ နေရာ မရရှိသောသူမည်သူမဆို ခမည်းတော်၏အိမ်တော်၊ ဘုရားသခင်၏ကိန်းဝပ်ရာနေရာတည်းဟူသော ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ နေရာ မရှိပေ - ဧ၊၁း၂၂-၂၃။ ၂း၂၁-၂၂။
   b. ခရစ်တော်၌ ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၌ နေရာရှိပြီး၊ ကိုယ်ခန္ဓာတော်၌ နေရာရှိကြကာ၊ ယခု ကျွန်ုပ်တို့သည် ခရစ်တော်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့အဖို့ ပြင်ဆင်ပေးခဲ့သော နေရာ၌ အသက်ရှင်နေသင့်ပါသည် - ယော၊၁၄း၂-၃၊ ၂၀။ ၁ကော၊၁၂း၂၇။

F. သခင်ဘုရား၏ကြွလာခြင်းသည် ဘုရားသခင်ကို လူအထဲသို့ ခေါ်ဆောင်လာပြီး၊ ကိုယ်တော်၏သွားခြင်းသည် လူကို ဘုရားသခင်အထဲသို့ ခေါ်ဆောင်ပေးသည်။ ဤသို့ ကြွလာခြင်းနှင့် သွားခြင်းအားဖြင့် ကိုယ်တော်သည် ဘုရားသခင်အား လူအထဲသို့၊ လူကို ဘုရားသခင်အထဲသို့ တည်ဆောက်ခြင်းအားဖြင့် ဘုရားသခင်၏အိမ်တော်ကို တည်ဆောက်နေသည် - ယော၊၁း၁၄။ ၁၀း၁၀ခ။ ၁၄း၂-၃။

G. ဝိညာဉ်တော်အားဖြင့်၊ ကိုယ်တော်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ဘုရားသခင်၏သားတော် သခင်ယေရှုခရစ်တော်သည် အသင်းတော်တည်းဟူသော ရှင်သန်သောထုံးဖွဲ့မှုကို တည်ဆောက်နေသည်၊ ယင်းမှာ သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်တော်၏ ရွေးချယ်ခံ၊ ရွေးနုတ်ခံလူများ၏ ရောနှောပေါင်းစည်းခြင်းအားဖြင့် ထုတ်လုပ်သော ကိုယ်ခန္ဓာတော်နှင့် ခမည်းတော်၏အိမ်တော်ဖြစ်သည် - အငယ်၊၇-၂၄။

H. ခမည်းတော်၏အိမ်တော်သည် ရွေးနုတ်ခံရသော ရွေးချယ်ခံများထံ ခမည်းတော်နှင့်သားတော်က ဝိညာဉ်တော်နှင့်အတူ စဉ်ဆက်မပြတ် လာရောက်လည်ပတ်ခြင်းအားဖြင့် တည်ဆောက်ခြင်း ဖြစ်သည် - အငယ်၊၂၃။

I. ခမည်းတော်၏အိမ်တော်သည် အဆင့်သုံးဆင့်ရှိသည်၊ ဘုရားသခင့်လူ့ဇာတိခံခြင်း၏ အဆင့်၊ ခရစ်တော်သည် ကိုယ်တော်၏ယုံကြည်သူများနှင့်အတူ အသင်းတော်အဖြစ် တည်ဆောက်ရန် ရှင်ပြန်ထမြောက်ခြင်းအဆင့်၊ ပြီးမြောက်ပြည့်စုံခြင်း - ယေရှုရှလင်မြို့သစ်၏ အဆင့် တို့ဖြစ်သည် - ၂း၁၉-၂၁။ ဗျာ၊၂၁း၂-၃၊ ၉-၁၀။

**III. ခမည်းတော်၏အိမ်တော်ဖြစ်သည့် အသင်းတော်သည် ခမည်းတော် ဘုရားသခင်၌ ရှိသည် - ယော၊၁၄း၂၊ ၂၀။ ၁သက်၊၁း၁။ ၂သက်၊၁း၁။**

A. အသင်းတော်သည် ခမည်းတော်ဘုရား၌ ရှိခြင်းအတွက် ဘုရားသခင်သည် ကျွန်ုပ်တို့ထံ ခမည်းတော်ဖြစ်လာရမည်ဖြစ်ကာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် အသက်ဆက်နွှယ်မှု ရှိရန် လိုအပ်သည် - ယော၊၂၀း၁၇။
   1. ဓမ္မသစ်ကျမ်း၌ *ခမည်းတော်* သည် အသက်၏အရင်းအမြစ်ကို ရည်ညွှန်းသည် - ၅း၂၆။
   2. *ဘုရားသခင်* ဟူသော နာမသည် ဖန်ဆင်းခြင်းကို ရည်ညွှန်းသည်။ *ခမည်းတော်* ဟူသော နာမသည် အသက်ကို ဖြည့်သွင်းပေးခြင်းနှင့် တိုးပွားများပြားခြင်းကို ရည်ညွှန်းသည် - ၁ယော၊၃း၁။
   3. ဘုရားသခင်သည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်မျှသာ မဟုတ်တော့ပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ခမည်းတော်၊ ကျွန်ုပ်တို့ကို မွေးဖွားသူလည်းဖြစ်သည်၊ အကြောင်းမှာ ကိုယ်တော်၏အသက်ဖြင့် ကျွန်ုပ်တို့ကို မွေးဖွားပေးခဲ့သောကြောင့်ဖြစ်သည် - ယော၊၁း၁၂-၁၃။
   4. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခမည်းတော် ဘုရားသခင်ကို ခေါ်နိုင်ကြသည်၊ အကြောင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏မွေးဖွားခြင်းခံခဲ့ကြပြီး၊ ယခု ကိုယ်တော်၏သားများအဖြစ် ကိုယ်တော်နှင့် ကျွန်ုပ်တို့ အသက် ဆက်နွှယ်မှု ရှိကြပြီဖြစ်သောကြောင့်ဖြစ်သည် - ရော၊၈း၁၅-၁၆။

5. ကိုယ်တော်၏ အသက်လွတ်မြောက်စေသော အသေခံခြင်းနှင့် အသက်ကို ဖြည့်သွင်းပေးသော ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် သခင်ဘုရားသည် ကျွန်ုပ်တို့ကို ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်း ဖြစ်စေခဲ့ပြီဖြစ်သည်။ ကိုယ်တော်၏ ခမည်းတော်သည် ယခု ကျွန်ုပ်တို့၏ခမည်းတော် ဖြစ်လာသည် - ယော၊၂၀း၁၇။
6. ကိုယ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် သခင်ယေရှုသည် ကျွန်ုပ်တို့ကို ကိုယ်တော်အထဲသို့ ခေါ်ဆောင်ခဲ့သည်။ ကိုယ်တော်သည် ခမည်းတော်၌ ရှိသည့်အလျောက်၊ ကျွန်ုပ်တို့သည် သခင်ယေရှု တည်းဟူသော ကိုယ်တော်၌ ရှိကြခြင်းအားဖြင့် ခမည်းတော်၌ ရှိကြသည် - ၁၄း၂၀။

B. အသင်းတော်သည် ခမည်းတော်၌ ရှိခြင်းဟူသည်မှာ အသင်းတော်သည် တုနှိုင်းရာမဲ့အရင်းအမြစ်၊ မူလအစပြုသူနှင့် စတင်သောအရှင်၌ ရှိခြင်းကို ဆိုလိုသည် - ၁ကော၊၈း၆။
1. ဘုရားသခင်ကို ခမည်းတော်အဖြစ် သိကျွမ်းခြင်းမှာ အရာခပ်သိမ်းသည် ကိုယ်တော်ထံမှ အရင်းခံအစပြုပြီး၊ အရာခပ်သိမ်းသည် ကိုယ်တော်ထံမှ ထွက်ပေါ်လာကြောင်း သိကျွမ်းခြင်းဖြစ်သည် - မ၊၁၅း၁၃။ ရော၊၁၁း၃၆။
2. အသင်းတော်အသက်တာ၌ ခမည်းတော်သည် တုနှိုင်းရာမဲ့ အရင်းအမြစ် ဖြစ်သင့်ပြီး၊ ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော်၏ တုနှိုင်းရာမဲ့ အကြံအစည်နှင့် စီမံချက်၌ ရှိကြသင့်သည် - ၂တိ၊၁း၉။ ရော၊၈း၂၈။

**IV. ကျွန်ုပ်တို့သည် ခမည်းတော်၏အိမ်တော်အဖြစ် အသင်းတော်၌ အသက်ရှင်နေခြင်း၏ ပင်ကိုမူလ ပုံဆောင်ချက်ကို မြင်ရန် လိုအပ်သည် - ယော၊၁၄း၂-၃၊ ၂၃။**

A. ခမည်းတော်၏အိမ်တော်အဖြစ် အသင်းတော်၌ အသက်ရှင်ခြင်းမှာ အသက်ဖြစ်သော သုံးပါးတစ်ပါးဘုရား၌ အသက်ရှင်ခြင်းဖြစ်သည် - ၁း၄။ ၅း၂၆။ ၆း၅၃။ ၁၁း၂၅။ ၁၄း၆။
B. ခမည်းတော်၏အိမ်တော်အဖြစ် အသင်းတော်၌ အသက်ရှင်ခြင်းမှာ အလင်း၌ အသက်ရှင်ခြင်းဖြစ်သည် - ၁း၄။ ၈း၁၂။
C. ခမည်းတော်၏အိမ်တော်အဖြစ် အသင်းတော်၌ အသက်ရှင်ခြင်းမှာ ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရှင်ခြင်းဖြစ်သည် - ၁၁း၂၅။
D. ခမည်းတော်၏အိမ်တော်အဖြစ် အသင်းတော်၌ အသက်ရှင်ခြင်းမှာ ကျေးဇူးတော်နှင့် စစ်မှန်ခြင်း၌ အသက်ရှင်ခြင်းဖြစ်သည် - ၁း၁၄၊ ၁၆-၁၇။ ၁၄း၆။ ၁၆း၁၃။
E. ခမည်းတော်၏အိမ်တော်အဖြစ် အသင်းတော်၌ အသက်ရှင်ခြင်းမှာ ဘုရားဆိုင်ရာဘုန်းတော်၌ အသက်ရှင်ခြင်းဖြစ်သည် - ၁၇း၂၂-၂၃။
F. ခမည်းတော်၏အိမ်တော်အဖြစ် အသင်းတော်၌ အသက်ရှင်ခြင်းမှာ ဆုတောင်းခြင်းနှင့် ကိုးကွယ်ခြင်း၏ အိမ်၌ အသက်ရှင်ခြင်းဖြစ်သည် - ၁၄း၁၃။ ၁၅း၇၊ ၁၆။ ၁၆း၂၃-၂၄။ ၄း၂၃-၂၄။
G. ခမည်းတော်၏အိမ်တော်အဖြစ် အသင်းတော်၌ အသက်ရှင်ခြင်းမှာ ထိန်းကျောင်းခြင်းအသက်တာ၌ အသက်ရှင်ခြင်းဖြစ်သည် - ၁၀း၁၀-၁၁၊၁၅-၁၇။ ၂၁း၁၅-၁၇။
H. ခမည်းတော်၏အိမ်တော်အဖြစ် အသင်းတော်၌ အသက်ရှင်ခြင်းမှာ ဘုရားသခင်၏တည်ဆောက်ခြင်း၌၊ ၎င်းအတွက် အသက်ရှင်ခြင်းဖြစ်သည် - ၂း၁၉-၂၁။ ၁၄း၂၃။
I. ခမည်းတော်၏အိမ်တော်အဖြစ် အသင်းတော်၌ အသက်ရှင်ခြင်းမှာ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းခြင်းအတွက် ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်၏ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာ နယ်ပယ်၌ အသက်ရှင်ခြင်းဖြစ်သည် - ၇း၃၉။ ၁၄း၁၆-၂၀။ ၁၆း၁၃။ ၁၇း၁၁၊ ၂၁၊ ၂၃။
J. ခမည်းတော်၏အိမ်တော်အဖြစ် အသင်းတော်၌ အသက်ရှင်ခြင်းမှာ အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားနှင့်အတူ ရွေးနုတ်ခံကာ အသစ်မွေးဖွားခံရသော သုံးပိုင်းရှိသော ယုံကြည်သူများ၏ ဘုရားဆိုင်ရာနှင့် လူသားဆိုင်ရာ ပေါင်းစည်းပါဝင်ခြင်း၌ အသက်ရှင်ခြင်းဖြစ်သည် - ၁၄း၁၀-၁၁၊ ၂၀။

© 2024 Living Stream Ministry